
mgyoe.com



# သောင်ပြင်ပေါ်ပုံဆွဲခြင်း

မောင်လင်းရိပ်

mgyoe.com

mgyoe.com

သောင်ပြင်ပေါ် ပုံဆွဲခြင်း၊ မောင်လင်းရိုပ်
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - ဘငွေကြည်
စာမျက်နှာ ၉၀ မျက်နှာ၊ ၁၆ • ၃ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သောင်ပြင်ပေါ် ပုံဆွဲခြင်း

## မောင်လင်းရိုပ်

ပထမအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


- စကားဦး ... က
၁။ အားလုံးလို ကျွံကျခဲ့ဖူး အိုမင်းဟောင်းနွမ်း အလွမ်းတွေနဲ့ ... ၁
၂။ ရိုးရိုး မျဉ်းပါးပါးလေး တစ်ကြောင်း ... ၃
၃။ ကံလမ်းကြောင်း ကွေ့ကွေ့ကောက်ကောက် ... ၆
၄။ ကျေနပ်ပါကြောင်း တေးတစ်ပုဒ် ... ၈
၅။ ယုံကြည်မှုနှင့် စူးစမ်းမှု ... ၁၀
၆။ မြေဆွဲအားအကြောင်း ... ၁၁
၇။ ပြန်တွေ့ကြဖို့ ချိန်းဆိုခြင်း ... ၁၃
၈။ ပင်လယ်ထဲမှာ မေ့မပစ်လိုက်ဘူး ... ၁၄
၉။ မုန်တိုင်းအောက်မှာ သွပ်တွေဟာ တကြွပ်ကြွပ် ထအော်လို့ ... ၁၆
၁၀။ အဝါရောင်ပင်လယ်နဲ့ အနက်ရောင်ကမ်းခြေ ... ၁၈
၁၁။ အရှုံးတစ်ခု ဝင်ဆောင့်ခဲ့ပုံနဲ့ နောက်ဆက်တွဲလမ်းများ ... ၁၉
၁၂။ ကဗျာဆရာရဲ့ဘိဇနက်အကြောင်း စကားစမြည် ... ၂၁
၁၃။ တက်ကြွလှုပ်ရှားသူလား ကဗျာဆရာလား ... ၂၃
၁၄။ နွေဦးကို ... နွေဦးနဲ့ ... နွေဦးမှာ ... နွေဦးသာ ... ... ၂၅
၁၅။ တိမ်စများ ကျဲပါးသောတစ်နေ့ လေယာဉ်ပျံအိုလေး စီးနေရသလို ... ၃၀
၁၆။ အရူးလို ပေတလို ... ၃၂
၁၇။ ချစ်မြတ်သော စိတ်ဖြင့် စီရင်ဖန်တီးထားသော၊ သတ္တိလျှံသည့် ဗျည်းအက္ခရာလည်း ရှိသော ... ၃၄
၁၈။ ရည်ရွယ်ရာ သီချင်းတစ်ပုဒ်နဲ့ စုန်းစုန်းမြုပ်နေထိုင်ချင်ခဲ့တဲ့ အဲလစ် ... ၃၆
၁၉။ သောဒါရက္ခန္ဓော – ထိုသစ်တုံးကြီးသည် ... ၃၈
၂၀။ ဆယ်နှစ်ကျော်ကျော် ပြေးပုန်းနေဆဲ လူတစ်ယောက်လို ... ၄၀
၂၁။ ဘုရားသခင် ပြန်လည်ထမြောက်တော်မမူခင် လက်မှတ်တစ်ချက်ထိုးဖြစ်ပုံ ... ၄၂
၂၂။ ပုပ္ပားတောင် မဟုတ်ဘူး၊ ဖူဂျီစံမဟုတ်ဘူး၊ အဲ့လ်ပ်တောင်တန်းကြီးလည်း မဟုတ်ဘူး ... ၄၃
၂၃။ ဒီအချိန်မှာမှ ဒီအထူးရထားကြီး ... ၄၈
၂၄။ ဂရာဖတီ ... ၄၉
၂၅။ တဟီတီ၊ အင်နစ္စဖရီနဲ့ ကျွန်တော့်ရဲ့ကဗျာ ... ၅၀
၂၆။ နင့်ကို ငါချစ်နေတုန်းပဲ မိနီ ... ၅၁
၂၇။ ရေငုပ်သင်္ဘောငယ်တစ်စင်းဟု ထင်မှတ်ရသော ... ၅၃


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၂၈။ | ညံ့ဖျင်းတဲ့ ဘာသာပြန်သမား | ၅၄ |
| ၂၉။ | တစ်တောလုံး ဉသြ | ၅၅ |
| ၃၀။ | ငြိမ်းပစ်လိုက်တဲ့ တွန်သံ | ၅၈ |
| ၃၁။ | ရုပ်သံကင်မရာရှေ့လွှတ်ချလိုက်ခြင်း | ၅၉ |
| ၃၂။ | TEXTs | ၆၀ |
| ၃၃။ | မိုးသစ်တောတွေထဲမှာ မြွေမကြောက် ကင်းမကြောက် | ၆၁ |
| ၃၄။ | ပတ်တီးဖြူဖြူ ကဗျာ | ၆၃ |
| ၃၅။ | အဲ့လိစ်ဟိုင်းမား ကဗျာ | ၆၄ |
| ၃၆။ | နီးသွားပြီလား စဉ်းစားမိတဲ့နေ့ | ၆၅ |
| ၃၇။ | ပိတောက်ပန်း ဆိုက်ပြီလား | ၆၆ |
| ၃၈။ | နေပူပူ ဘတ်စ်ကားပေါ်က ဆင်းချလာတဲ့ ခနိယ | ၆၇ |
| ၃၉။ | မနေ့က | ၆၈ |
| ၄၀။ | မနက်ဖြန် အာဂျင်ဒါ | ၇၀ |
| ၄၁။ | ဒီနေ့ အသက်ဝဝရှူ | ၇၁ |
| ၄၂။ | ယောက်ျားနဲ့ မိန်းမ၊ တတိယစာအုပ် | ၇၂ |
| ၄၃။ | မမှောင်ခင် ဒီညနေ | ၇၃ |
| ၄၄။ | သံလမ်းပေါ်မှာ ရထားတစ်စင်းတော့ ရှိလေရဲ့ | ၇၄ |
| ၄၅။ | The Aim Was Song | ၇၅ |
| ၄၆။ | ဖြစ်ရှိမှုကို ရင်ဆိုင်ခြင်းမှတ်စု (၁) | ၇၆ |
| ၄၇။ | ပျော်ရွှင်ခြင်းကို စီမံသူ | ၇၇ |
| ၄၈။ | ငါ့ပြပွဲတင်းများ | ၇၈ |
| ၄၉။ | မည်သူ၏ မျက်လုံးအောက်တွင်မှ မြင်ရမည် မဟုတ်သော ... | ၇၉ |
| ၅၀။ | ပျံသန်းမှုအမှတ်စဉ် တစ်ခုရဲ့အောက် | ၈၀ |
| ၅၁။ | ကော်ဖီတစ်ခွက် သောက်ရဖို့ ဆိုပြီး | ၈၁ |
| ၅၂။ | မုံရွာမှာ တစ်ခါတုန်းက | ၈၂ |
| ၅၃။ | ဘယ်မှမရောက်တဲ့ ရထား | ၈၃ |
| ၅၄။ | ငါ့မှာ ဘာမှ ရောင်းစရာ မရှိဘူး | ၈၄ |
| ၅၅။ | ကြောင်တစ်ကောင်ရဲ့ဘဝနဲ့ ကြောင်ရဲ့ဘာသာဗေဒ | ၈၆ |
| ၅၆။ | ဒေသကောလိပ် ၂ မှာ တစ်ခါတုန်းက | ၈၈ |
| ၅၇။ | ကျောက်မျက်တောင်ကို ငေးမိပုံ | ၉၀ |


❑

mgyoe.com

mgyoe.com

## စကားဦး

သောင်ပြင်ပေါ် ပုံဆွဲခြင်းနဲ့ဆက်လျက် အတ္တုထုပ္ပတ်စွန်းစက်ရင်းဆိုတာကို ဖြည့်စွက်ဖို့တွေးမိတယ်။ ဒါမှ ပိုပြီးပြည့်စုံမှာပေါ့။ ကိုယ်တွေ့ကိုယ်ကြုံတွေကိုတော့ ဟိုနားဒီနား ထည့်ဆွဲဖြစ်မိတာကိုး။ ကျန်တာကတော့ ထိုးဇာတ်တွေပေါ့၊ ဒီဇိုင်းတွေပေါ့၊ စိတ်ကူးစိတ်သန်းတွေပေါ့။ ဒါပေမဲ့ စိတ်စေတနာကိုတော့ မူရင်းဖြစ်အောင် ကြိုးစားရတာပါ။ ကိုယ့်ရဲ့ သညာစေတသိက်တွေအတိုင်းလည်း ဖြစ်နိုင်၊ တစ်ခါတလေကျတော့လည်း ဘယ်သူများ ဝင်ရေးလေသလဲ။ နတ်ဒေဝီဖျားတာတွေကလည်း အရေးကြီးတဲ့အခါ ရှိချင်လည်း ရှိ၊ ဒီလောက်ကျယ်ပြောတဲ့ သောင်ပြင်ကြီးကို ရတာကိုပဲ ကျေးဇူးတင်စရာ အခွင့်အခါလို့ အောက်မေ့မိပါရဲ့။ ကျွန်တော့်ရဲ့ ရည်ရွယ်ရင်းက တစ်စုံတစ်ရာ အရာထင်ခြင်းလည်း ပါချင်ပါမယ်၊ မနေနိုင် မထိုင်နိုင် တွန်မိပုံလည်း ပါချင်ပါမယ်၊ ဆွဲထားတဲ့ပုံမှာ ပါလာနိုင်ဖွယ် "သောဘဏ" အလှက ကျွန်တော့်ကိုယ်တိုင်ကို ကျေနပ်ပျော်ရွှင်စေနိုင်သလို ကြည့်သူကို ချမ်းသာမှုကလေး စိုးစဉ်းမျှ ဖြစ်စေပေးနိုင်ရင်လည်း ဝမ်းသာစရာပဲ။ ဓမ္မနဲ့ မေတ္တာတို့ ဟိန်းသံထွက်လာနိုင်မလား တတ်စွမ်းသမျှကြိမ်နှုန်းတွေကို ညှိယူပြီး ဟပ်ကြည့်လိုက်တာမျိုးလည်း လုပ်ကြည့်ဖို့ ရည်သန်ပါတယ်။ အစွန်းအစက်တွေအတွက် အားနာမိပါကြောင်းနဲ့ အဲဒီ အက်ရာသဲ့သဲ့တွေကပဲ မတူခြားနားတဲ့ သရုပ်နဲ့ စိတ်ဝင်စားစရာ ဖြစ်ကောင်းဖို့ကိုလည်း မရဲတရဲ မျှော်လင့်ပါကြောင်း။

ချစ်ခင်လေးစားစွာ
မ၊လ၊ရိပ်
၂၀၁၇၊ အောက်တိုဘာ ၃၁

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## အားလုံးလို ကျွဲကျခဲ့ဖူး အိုမင်းဟောင်းနွမ်း အလွမ်းတွေနဲ့

ဩော် ... သင်္ကေတတွေနဲ့ အထာကျနေတဲ့ ကမ္ဘာကြီးလေ
သကြဲန်ရေက စက်လက်
ပိတောက်တစ်ခက်ကို ကျိုက်ချပြီး စိတ်ကြီးဝင်နေလိုက်ပုံများ
တံဆိပ်အမှတ်အသားတို့ကလည်း တောက်တောက်ပပပြစားကြ
ကောင်မလေးက ဝတ်စုံဖြူ ရေအစိုသားနဲ့
ပွဲတော်ရဲ့အသက်ရှူသံပြင်းပြင်းကြားရစဉ်
သရက်ပင်ပျိုလေးရဲ့အောက်မှာမှ တိမ်တစ်စနစ်စကို ကိုယ်ကငေး။

မိုးဝေးခဲ့တယ်
အပင်နွဲ့နွဲ့မှာ အပွင့်တို့ ဝေဝေ
လေထုဆီ အရောင်တွေ စွန်းလို့
အခွန်းတစ်ရာ ကိုယ်အော်ခေါ်ခဲ့ပြီးပြီပဲ ချစ်သူ
ဒီအငူမှာ နက်ရှိုင်းသေချာတဲ့ ခြေရာအစုံ ကျန်ခဲ့တယ်
အမေ့လျော့ခံ တာမာဂေါ်ချိုင့်ကလေး ကျန်ခဲ့တယ်
ငွေရောင်တက်တူး မျဉ်းကြောင်းဆယ့်တစ်ခု ကျန်ခဲ့တယ်
တရားရိပ်သာတစ်ခုဆီကလာတဲ့ ဣန္ဒြေရရ ဖုန်းခေါ်သံ ကျန်ခဲ့တယ်
ကျန်ခဲ့တယ် ဆိုတာပဲ ကျန်ခဲ့တယ်လို့ ထင်နေသူတစ်ယောက် ကျန်ခဲ့တယ်။

"လွှတ်လိုက်ပါတော့" စဉ်းစားပုံနဲ့ "တွယ်ဖက်ချင်ဆဲ" ခံစားပုံ
သေခါနီးလူရဲ့နလုံးခုန်သံလို မြင်နေရတယ်
နောက်ဆုံးကျ မျဉ်းတစ်ပြေးတည်း အမှတ်လမ်းပဲ
မျဉ်းလဲလို့ မခေါ်ချင်တဲ့ ပန်းချီဆရာမလေးရေ
မျဉ်းပြေးလို့ခေါ်လဲ သူကောင်းကင်ကို မော်မကြည့်နိုင်တော့ပါဘူးကွဲ၊



mgyoe.com

mgyoe.com

ချစ်သူချင်းဝေးရတဲ့ ဆင်းရဲ
ဆိုင်ဘာကမ္ဘာကြီးထဲမှာတောင် ဆုံခွင့်မရ
ဆဲလ်ဖုန်းကို အမှိုက်ပုံးထဲ စွန့်ချ
ဖက်ရှင်ကျထားခဲ့တဲ့ အီးမေးလ်လိပ်စာကို ဖျက်သိမ်း
ကိုယ် ငြိမ်းမှုဆုံးအိပ်မက် တစ်ခုပေါ်မှာ
တစ်ခါတစ်ခါ မင်းခွေးချေးလို ယောင်ယမ်းမိပုံ
"စောလုံ - ငါ့ကိုစောင့်ပါခလဲ့"။

၂၀၀၂၊မေ၃



mgyoe.com

mgyoe.com

## ရှိုးရှိုး မျဉ်းပါးပါးလေး တစ်ကြောင်း


ရှိုးရှိုးလေးပါ
ချစ်သူတို့ စွန့်ခွာတဲ့ခါ
ငါ့မှာ ယုံကြည်မှုတို့ ပြိုဆင်းသွား
မှတ်မှတ်သားသား မြို့နှစ်ခါပျက်ခဲ့
အဝေးမှာသာတဲ့ လကို လွမ်းရတာထက်
ရင်ထဲမှာ ထွန်းထားတဲ့ ကြယ်ကလေး ပျံသန်းသွားတဲ့ခါ
မြစ်ကြောင်းများ ကျိုးပြတ်လုခမန်းပဲ
အစီစဉ်မဲ့ စာမျက်နှာတွေ ခပ်ဖြန်းဖြန်းလှန်လှော့ရ
စကားဖြူပင်ခြေရင်းက ဖိနပ်ဖြူဖြူလေးတစ်ရန်
ညီမလေးက ပြန်မဆင်းလာခဲ့ဘူး
ရန့်တွေ ရှုးမဝ ဖြစ်နေခဲ့ပုံ။

သီချင်းတွေနဲ့မှ လင်းရတဲ့ ညကလေးပါ
မကဗျာတော့ရင်လည်း အိပ်မက်တွေထဲ ဖွဲ့ဆင်းရမှာ
ငါ နှုတ်သီးတုံးတုံးနဲ့ ငှက်တစ်ကောင်ဘဝ
လေကို မြနေအောင် မချွန်နိုင်ခဲ့
တိုင်သံအောင်အောင် မပေးနိုင်ခဲ့
ခပ်ဝေးဝေးနွေဦးဆီ ခပ်နေးနေးသာ ပျံနိုင်ခဲ့
အဝါတစ်ဆနဲ့ အပြာတစ်ဆ၊ သန့်ရှင်းလှတဲ့ အစိမ်းရောင်က ငါ့လိုဂို
ပုန်းခိုစရာ ချုံဖုတ်တောတန်း မလို
စိုလဲ့ပြာတဲ့ ကောင်းကင်ထက်မှာ
အလံနှစ်လက် ရွက်နှစ်ထည်နဲ့ပ
အပြာရောင်က မေတ္တာ
အဝါရောင်က ပညာ
ဒီဂိုင်းမှာလဲ ရှိုးရှိုး သင်္ကေတလည်း ရှိုးရှိုး
ဟောင်းပေမဲ့ မသိုးတဲ့ နှစ်ချို့ဂိုင်ကွဲ၊



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

သူတို့ရဲ့သုညနဲ့တစ်တွေဟာ
ခြေလှမ်းတာ မြန်ဆန်၊ အလေးဝန် ပေါ့ပါး
ကမ္ဘာကုန်ကျယ်သရွေ့သွားလာလို့
ခြေထောက်ပေါင်း ငါးရာပါသတဲ့
ငါ့မှာ ချည်တိုင်မြဲတဲ့ အရိပ်တစ်ခုနဲ့
သူ ၁၈၀ ဒီဂရီလှည့်ဖို့ တစ်နေ့တာ ကြာမယ်
ချစ်သူတစ်ယောက်ကို မေ့ပစ်နိုင်ဖို့ ရက်တစ်သိန်း ကြာမယ်
အချိန်ဆိုတာ ဖယ်ထားခဲ့ရင်
စကားပင်ပေါ်တက်သွားတဲ့ ညီမလေးဟာ
တစ်မပါတဲ့ သုည ရှိုးရှိုးတွေ စီခင်းထားတဲ့
မျဉ်းတန်းပါးပါးလေး တစ်ကြောင်း
ငါ့ရင်ထဲ ပေဟာင်းမသွားနိုင်တာက လွဲလို့ပေါ့။

၂၀၀၂၊ မေ၅



mgyoe.com

mgyoe.com

## ကံလမ်းကြောင်း ကွေ့ကွေ့ကောက်ကောက်

မြို့တော်ရဲ့အလယ်ကောင်မှာမှ
တောကောင်ရဲ့အနံ့ ညှီညှီကိုရ
ခြေသလုံးက ကြွက်သားတွေနဲ့ လက်မောင်း လက်ရုံးဆီက
ကြွက်သားတွေ ခုန်လို့ထ။

နှစ်ပေါင်း ထောင်သောင်းသိန်းလုံးလုံး၊ ကိုယ့်ကိုယ်ကိုယ် ယဉ်ပါးအောင် သင်ကြားနေရတုန်း
လူတစ်လုံးဆိုပေမဲ့ ဂူတစ်လုံးကနေ ကွန်ကရစ် ကုဗတွေထဲ ပြောင်းဝင်ခဲ့ပုံကလွဲလို့
ထွက်လမ်းတွေကို ပိတ်ဖို့ ဆဲဖုန်းတစ်ချက်နှိပ်ရုံ
စမတ်ကျတဲ့ ပုံပန်းနဲ့ ဘာဖမ်းချင်သလဲ
လေးမြားကိုစွန့်ခဲ့ပေမဲ့ တောလိုက်တာ မစွန့်နိုင်ခဲ့သူပ
ဇာတ်တူချင်း အမဲလိုက်တဲ့ အတတ်ကို တတ်သထက် တတ်ပွန်ခဲ့
ကိုယ့်အမြီး ကိုယ်မျိုရုံနဲ့ အချိုကုန်နေတဲ့ အမျိုးအစားတွေ မိတ္တူများများပွားခဲ့။

မှန်ဝါးသွားမယ့် ကျေးလက်လမ်းကလေးကနေ ဝေးထက်ဝေးရာကို ပြေးပါ ချစ်သူရယ်
အဲဒီ(မင်းပျော်ပိုက်လိုရာ)မှာ မှောင်မှောင်ကျဉ်းကျဉ်း ထောင်လိုက်မျဉ်းအတိုင်း ဆင်းလာတဲ့ လမ်းတွေရှိမယ်။

ကြယ်ကလေးက ငုံ့ကြည့်နေတယ်လို့ အိပ်မက်တဲ့ညက
အဲဒီ လူရှင်းရှင်းလမ်းမကို ကိုယ်တစ်ယောက်တည်း ဝင်လာခဲ့
ပြတင်း နှစ်ဆယ့်သုံးဆင့်ရဲ့အလယ်သီသီက မှန်ရီရီလျှပ်တစ်ချက် ပြက်ပြသလား
စကားလုံးတွေလိုပဲ အလင်းရောင်တွေကလည်း လှည့်စားတတ်တယ်
ထပ်ခနဲ တင်းသွားတဲ့ မြားကြိုးကို ဖြတ်လို့ ကိုယ်ပြန်သွားပြီ။



mgyoe.com

အဲဒီမှာ ပွင့်ဖြူဝေဝေဇကရာဇ်ပင် တစ်ပင်ရှိတယ်
စက်လှေသံ တဒုတ်ဒုတ်ကို တင်ဆောင်လာတဲ့ မြစ်တစ်စင်းရှိတယ်
အပူငွေ့လျော့နည်းစ လှပတဲ့ ညနေခင်းတွေ ရှိတယ်
ခြေဦးတည့်ရာ လှည့်လည်သွားလာလို့ရတဲ့ ဖုန်ထူထူ လမ်းသွယ်လေးတွေ ရှိတယ်။

ဘဝကို ဇယားကွက်တွေထဲသွင်း အကျဉ်းမချထားတော့ပါ
တစ်ခုသာ
ပုံပြောင်းထားတဲ့ ကစားပွဲဟောင်းကြီးတစ်ခုမှာ
ချစ်သူ ဘာတွေ ပုံအော ထိုးနေတာလဲ
ကိုယ် စိတ်နည်းနည်း ပူတယ်။

၂၀၀၂၊ ဇူလိုင် ၅



mgyoe.com

mgyoe.com

# ကျေနပ်ပါကြောင်း တေးတစ်ပုဒ်

ဘတ်စကားကျပ်ကျပ်ကို နတ်မြင်းပျံအမှတ်နဲ့ စီးနိုင်တာ
ကဗျာဆရာဆိုပါလား
ကြော်ငြာသီချင်းသံတွေနည်းတဲ့ မှောင်မည်းမည်း ရပ်ကွက်လေးထဲ
လရောင်အောက် ကျေကျေနပ်နပ် လမ်းလျှောက်ဝင်ခဲ့တယ်။
ဖယောင်းတိုင် မီးရောင်မှာ
အဖေနဲ့ စကားပြောဖို့ သမီးငယ်က စောင့်နေမှာ
ခါတိုင်းလိုပဲ မြေကြွက်ကြီးတွေအဖြစ် တွင်းမှောင်မှောင်တွေထဲ
မှောင်ကြရဦးမယ့် သူတွေရဲ့အကြောင်း။

သံသရာမှာ ဖန်တရာတေနေတဲ့ စကားလုံးတွေ စီးစီးပြီး ပြန်ပြန်လာခဲ့၊
ဒုက္ခတွေက လှလွန်းလို့ လိုချင်၊ သမုဒယကို မျိုမျိုချလိုက်
မှားယွင်းလိုက်၊ အားတင်းလိုက်
မိုက်မလင်းပေမဲ့ အမြိုက်ခင်းလို့ပဲ ဆုံးဖြတ်ခဲ့
ဘယ်လိုမှ ခွာမရသေးတဲ့ ချီးတွေပေါ် ချစ်သူ
ကျွန်တော့်ရဲ့အငှာမှာ မိုန်ဖျော့ဖျော့ အလင်းရိပ်တချို့သာ စွန်းရစ်
ငါးပါဒလောက်ရှိတဲ့ ကဗျာတိုလေး တစ်ပုဒ်စနစ်ပုဒ်စက တစီစီ မြည်ရစ်
နေ့မရှိ့တရီမို့ ကမ္ဘဋ္ဌာန်းနဲ့ မအို့တအီ မွှေးရစ်
သံသရာကို စီးစီးပြီး ပြန်ပြန်လာခဲ့ ဖန်တရာတေနေတဲ့ စကားလုံးတွေ
လက်တွေ့ကျသမားတွေရဲ့မရိုးမသား ရယ်သံတွေနဲ့
ကြက်မြီးရောင်စုံသေမှုးတယ်
မြေတွင်းမှောင်မှောင်ထဲက ကြွက်မည်းမည်းကြီးတွေအကြောင်း သမီးနဲ့ ပြောတယ်။

လသာညတွေမှာ လရောင်နဲ့ ကျေကျေနပ်နပ်
သစ်ရွက်လက်ခုပ်သံတွေ တဖျတ်ဖျတ်နဲ့
ခုချိန်တိုင် လူလည်း မတတ်၊ လက်ဖက်ထုပ်လည်း မတတ်
သံသရာကို အလျားလိုက် လက်ပစ်ကူးဖြတ်မယ့်သူ
လင်းလင်းကျင်းကျင်း စာကြည့်ခန်းလေးကိုသာ ဆာငတ်သတဲ့
မြေကြွက်မှောင်မှောင်နဲ့ တွင်းမည်းမည်းတွေအကြောင်း ဓမ္မပဒထဲမှာ ရှာမယ်



mgyoe.com

mgyoe.com

သမီးငယ်က ကြံ့ကြံ့ဖန်ဖန်ပြောတတ်ရဲ့
အမှောင်ဆိုတာ ဝင့်လည်တတ်သလား ဖေဖေ
အမိုက်လင်းတဲ့ သီချင်းတစ်ပုဒ် ကျွန်တော်စပ်ချင်တယ်။

၂၀၀၄၊ နိုဝင်ဘာ

mgyoe.com

mgyoe.com

## ယုံကြည်မှုနှင့် စူးစမ်းမှု

ကဗျာကိုမီးမှာ တင်ကြည့်လိုက်ရင် ဦးသစ်ပြီး သန့်စင်သွားတဲ့၊ စစ်မှန်တဲ့ နေတစ်စင်းဖြစ်လာမယ်။ မဟုတ်ဘူး။ လတစ်ဆူ ဖြစ်လာမယ်။

မီးသွေးက တင်းတင်း
လေမှုတ်စက်က ပြင်းပြင်း
မီးတောက် တဝင်းဝင်းနဲ့ပ
ဗိုကို လက်နဲ့ မဆွဲ လျှပ်စစ်နဲ့ ဆွဲတဲ့
ခေတ်ထဲက အင်္ဂလိပ်ဆရာ
အိပ်မက်ပေါ်ကို သုံးဆယ့်တစ်ခါ ဒိုက်ကျခဲ့။

| | |
|---|---|
| အရန်သင့် ကာရန် သုံးလေးလုံးနဲ့ အဦးဆုံး ပါဒတွေ | လောင်ကျွမ်းသွား |
| ဖက်ရှင်ကျ စကားလုံး တချို့ | လောင်ကျွမ်းသွား |
| ခပ်ဆန်းဆန်း ကျွမ်းထိုးကောင်း နိမိတ်ပုံ ဖျာတစ်ချပ်စာ | လောင်ကျွမ်းသွား |
| ဂလိုဘယ် ဆန်ရမယ်၊ ကမန်းကတမ်း ထိုးထည့်လိုက်တဲ့ A B C D ဆယ့်သုံးလုံး | လောင်ကျွမ်းသွား |
| ညီမလေး သက်မိုးနှောင်ရယ် တဲ့ | လောင်ကျွမ်းသွား |
| အဲဒီလို လောင်ကျွမ်းသွားနဲ့ ဆုံးထားတဲ့ နှစ်ဆယ့်ရှစ်ကြောင်းတိတိ စာရင်းဇယားတစ်ခု | လောင်ကျွမ်းသွား |
| လောကခံထဲ ခေါင်းစိုက်ချလိုက်တယ် | လောင်ကျွမ်းသွား |
| တစ်ကြောင်းပြီး တစ်ကြောင်း အောက်ကိုနက်နက်ခုန်ဆင်းခဲ့ဖောဖောသီသီ ဖုန်ဖွဖွ အာဝဇ္ဇန်းတွေ | လောင်ကျွမ်းသွား |
| သခင် | လောင်ကျွမ်းသွား |
| ပြဇာတ် | လောင်ကျွမ်းသွား |
| ခေတ်ပေါ်ကဗျာမှာ ဒီစာလုံးတွေ မပါကြေး | လောင်ကျွမ်းသွား |
| မီးထပ်တင်တယ် | လောင်ကျွမ်းသွား |

မြန်မာသက္ကရာဇ် ၁၃၆၆ခု၊ နတ်တော်လဆန်း ၁၄ရက်၊ စက်နာရီည ဆယ့်နှစ်နာရီတိတိ
ခရစ်နှစ် ၂၀၀၅၊ ဇန်နဝါရီ ၁၀ရက် မနက် 0:00 AM
လျှပ်စစ်မီးများ ခေတ္တ(ခေတ္တ) ပျက်။ ကဗျာဆရာ့နာမည် လုံထဲ ငွေ့ငွေ့မျှ ကျန်။ မ၊ လ၊ ရိပ် ဟု ဖတ်ရှုရ။ ဩော်၊ မလောင်ကျွမ်းနိုင်သေးပါလား။

၂၀၀၅၊ ဇန်နဝါရီ ၁၁



mgyoe.com

mgyoe.com

## မြေဆွဲအားအကြောင်း

ကမ္ဘာပေါ်နေရောင်ကျရောက်မှုတွေ များပြားလာ
ဖုန်တသောသော ကိုယ်ကျင့်တရားတွေက ပြောင်ပြောင်တင်းတင်း လမ်းသလားလာ
ကိုယ့်အသားကိုယ် မြိန်ရှက်တဲ့ ညစာကို မျက်စိအရသာခံကြလို့
မွန်စီယာ
ကမ္ဘာမှာ အင်္ဂလိပ်စကား သုံးသူတွေ ဘယ်နသန်း ရှိသွားပြီလဲ။

သွေးစမ်းမိသမျှ လုပ်စားကိုင်စားတွေ
ယဉ်ကျေးဖွယ်ရာမှုတွေချည်းပဲ
ဘတ်စကားတစ်စီးတည်းမို့ မင်းကန်တွန်းတဲ့ မိုင်ကုန်အား
စတီးချိုင့်နဲ့ အပျိုမလေးရဲ့အသားမှာ နက်ရှိုင်းတဲ့ ချိုင့်တစ်ခု ပေါ်ခဲ့
ဘာတွေနဲ့ ဖို့ဖို့
လူငယ်တွေရဲ့ရုပ်သီချင်းတွေတောင် လမျက်နှာပြင်လိုပဲ။

အိပ်မက်တွေထဲ ပျံသန်းရသလို
မြေဆွဲအားနား ရစ်သီရစ်သီ
မြက်ရိုင်းတောပေါ်ဝဲကြည့်တယ်
ငှါ့ထွန်ကြောင်းတွေက ကောက်လို့
ကျွန်ုပ်ဟော် ပျံချင်တယ်ဆိုတဲ့ အသံက ယောင်ရမ်းထွက်လာ
ခြင်ထောင်မိုးထိရုံပဲ မှန်ခဲ့
ချွေးစီးတွေ သုတ်ပစ်ခဲ့ရ ညပေါင်းများစွာ။

ဆုံးအောင်သွားပါမယ်လို့
ဘယ်သူ သန္နိဋ္ဌာန် ချခဲ့သလဲ
ဒီလိုနဲ့ ခရီးမဆုံးလည်း အသက်ဆုံးအောင် ခရီးထွက်ခဲ့ကြ
မနက်အထမှာ မျက်နှာဆေးပြီး ညအိပ်ရာဝင် ခြေဆေးကြ
အိမ်ထောင်ဘဝမှာ လိင်စိတ်နဲ့ ပွတ်သပ်ကြ
အဲဒီဂူမှာ အဲဒီမီးကို မပြတ်ဖို့ထားကြ၊ နောင်အခါ
ငါတို့ဟာ ရာဘာကို ကိုးကွယ်သူတွေ ဖြစ်လာကြ။



mgyoe.com

mgyoe.com
ဟောဒီမှာ လူမှုလုပ်ရှားသူ ဆရာဝန်မတစ်ဦး
သူဟာ ဖက်ရှင်ကျမျက်မှန် သေးသေးနဲ့၊ တံဆိပ်ကောင်းနွတ်ခမ်းနီနဲ့၊ ကုတ်အင်္ကျီအနက်ရောင်နဲ့
ကုန်ဒုပ်ဆိုတဲ့ သီချင်းကို ယုံယုံကြည်ကြည် ဆိုနေတော့တာ
ရာဘာတောထဲက နေခြည်တန်းတွေကို
ဗျပ်စောင်းလို တီးကြည့်ချင်လို့
ကျွန်တော် ပျံထွက်ခဲ့မိတယ် မွန်စီယာ။

ဟောဒီမှာ မျိုးဆက်ပြန့်ပုံ နမူနာတစ်ခု
အဘွားရဲ့အမေက ရှစ်ယောက်မွေး၊ ရှစ်ယောက် ရှင်သန်
ငါ့အဘွားက ရှစ်ယောက်မွေး၊ (ငါ့အမေနဲ့ ငါ့အဒေါ်) နှစ်ယောက် တင်ကျန်
အဘွားရဲ့သမီး ငါ့အမေက လေးယောက်မွေး၊ ငါတို့ညီအစ်ကို လေးယောက်
တစ်နေရာစီ ကျရောက်၊ ငါတို့အသီးသီး
ကလေး တစ်ယောက်နှစ်ယောက်ကို ပေသီးတစ်ခေါက်ခေါက်နဲ့ မွေးခဲ့
လရောင်နဲ့ ပျားရည်ကို မြိုးမြခဲ့ရ
မွန်စီယာ၊ ပျံခဲ့မိတယ် ကျွန်တော်။

လိဂ်ကို ရှိခိုးသူ ရှိခိုးခဲ့၊ ကုန်ဒုပ်မှာ ရိုကျိုးသူ ရိုကျိုးခဲ့
နည်းတခြားနဲ့ ခရီးသွားသူတွေ ရှိခဲ့
မြေဆွဲအားနားမှာ သူတို့ ပျံကြတယ်
နေရောင်ခြည် များများ ကျရောက်လို့
ဖုန်မှုန့် တသောသော ကခုန်ခဲ့ မြေဆွဲအားနားမှာ။

၂၀၀၅၊ ဖေဖော်ဝါရီ၈


mgyoe.com

## ပြန်တွေ့ကြဖို့ ချိန်းဆိုခြင်း

အမျိုးသား သတင်းအေဂျင်စီက နေ့စဉ် နှစ်ကြိမ်ထုတ်ပေးတဲ့ သတင်းဘူလက်တင်းတစ်စောင်ကို လက်ထဲမှာ ဟန်မပျက်ကိုင်ရင်း ကျွန်တော် အိပ်ရာပေါ်မှာ အိပ်ပိုက်ကျသွားရာက နီးတစ်ဝက်နဲ့ ကြည့်လိုက်တော့ ဘယ်ဘက်လက်ဖျံပေါ်မှာ အမာရွတ်ကလေးက ပလူတစ်ကောင်လို ကန့်လန့်ဖြတ်လေး နားနေတာကို သတိထားမိရာ သူ့အတောင်ပံလေးတွေဟာ ငွေရောင်တောက်နေသလိုပါလားလို့ မတွေးဘဲမနေနိုင်အောင် ဖြစ်မိတုန်း ကိုယ်ဟာမင်းရဲ့ နဖူးပြင်ပြန့်ပြန့်အလယ်ကောင်က လက်သန်းလက်သည်းခွံလောက် အမာရွတ်လေးပဲ ဖြစ်ချင်တော့တာလို့ နေ့ခင်းက ကော်ဖီဆိုင်ထဲ ချစ်သူကို မျက်နှာချင်းဆိုင် ပြောခဲ့မိတာ ဖြုန်းဆို သတိရအသွားမှာ ဆက်ပြီးအိပ်လိုက်ရမှာလား၊ ဆက်ပြီးအိပ်မက်လိုက်ရမှာလား၊ ဆက်ပြီး သဘာဝမကျတဲ့စကားတွေနဲ့ သူကလေးကို ရှုပ်ထွေးနေစေရတော့မှာလား၊အတွေးတွေဟာ ဆန်းကြယ်စွာ ရုပ်ရှင်အနေးပြကွက်တွေလိုဖြည်းဖြည်းချင်းဘယ်ကနေညာဘက်ကို ရွေ့လိုက်၊ အထက်ကနေ အောက်ဘက်ကို ကျလာလိုက်၊ တစ်ထောင့်ကနေ တစ်ထောင့်ကို ဆန်တက်လိုက်နဲ့ နောက်တော့ အားလုံးပဲ လုံးဝဆုတ်ခွာသွားမယ့်ဟန်က အီးတီ အိမ်ကို ဖုန်းဆက်ရတော့မှာဆိုတဲ့ အချက်ပြကို လက်ခံရရှိလိုက်သလို နံပါတ်ခုနစ်လုံးကို အလိုလို နှိပ်ချမိလိုက်တဲ့အထိ ဖြစ်သွားရ

* * *

"ချစ်သူ့စိတ်ထဲ သူလိုကိုယ်လို လင်ယူသားမွေးဖို့ စိတ်ကူးတွေပဲ ပေါ်ရအောင် တို့နှစ်ယောက် ထူးထူးဆန်းဆန်း ဆုံတွေ့ခဲ့ရတာလား"

"……… "

"မိသားစုတွေရယ်၊ အမျိုးသားအကျိုးစီးပွားရယ်၊ လူသားအကျိုးစီးပွားရယ်၊ အထက်တန်းကျတဲ့ တန်ဖိုးတွေရယ်၊ လိင်အကြမ်းဖက်မှု တွေရယ်၊

စစ်ပွဲတွေရယ်၊ သမိုင်းတစ်လျှောက်မဆုံးနိုင်တဲ့ တသီတတန်းအမာရွတ်ကြီးတွေရယ်"

"……… "

"……… "

"ကျွန်မ မင်းကို စိတ်ကုန်ချင်လိုက်တာကွယ်"

"ကိုယ်တင်ထားတဲ့ ဘလော့ဂ်ကို အပြီးတိုင် ပြန်ချလိုက်တော့မယ်ချစ်သူ။ နေရာတကာမှာ ဟက်ကာတွေချည်းပဲ၊ လေထုထဲမှာလည်း ရုပ်သံချန်နယ်တွေချည်းပဲ၊ အစီအစဉ်တိုင်းမှာလည်း ကြော်ငြာတွေချည်းပဲ၊ ထုံးစံအတိုင်း ကြော်ငြာတွေမှာလည်း မုသားတွေကို ပျစ်ချွဲချွဲ ဌာပနာလို့။ ကိုယ့်ကြယ်ကလေးက အလင်းရောင်တွေ တစ်စက်ချင်း ဝိုချပေးထားတဲ့ အလင်းအိုင်လေး ဘေးမှာပဲ သွားထိုင်နေလိုက်တော့မယ်။ နာဆစ်ဆပ်စ်ပန်းကလေးဖြစ်သွားတဲ့တိုင် လုံးဝနှုတ်ဆိတ်လို့ပေါ့"

"……… "

"……… "

"မင်း အမာရွတ်ကလေးတွေ ကိုက်ခဲမနေဖို့ ကျွန်မ ဆုတောင်းပေးလိုက်ပါတယ်"

၂၀၀၇၊ နိုဝင်ဘာ ၁



mgyoe.com

mgyoe.com

## ပင်လယ်ထဲမှာ မေ့မပစ်လိုက်ဘူး

ဒီအသက်အရွယ်အထိ သူဟာ ပင်လယ်ငှက်ကြီးတွေကို မတွေ့ခဲ့ဖူးဘူး
အဲလ်ဘာ့ထရော့စ်ငှက်ကြီးကို ပစ်ချတဲ့အကြောင်း သင်္ဘောသားအိုကြီးက ပြောတာကိုသာ ကြားခဲ့ဖူး
(အဲဒါကိုယ်တို့ လက်ထပ်ပွဲနေ့ပဲလို့ မင်းမပြောလိုက်နဲ့ ) တစ်ဘဝတာ အဆွေးတွေကို မင်းအတွက် အန်ချပေးခဲ့ပါတယ်
ချစ်သူမိန်းမအပေါ် ပျက်ကွက်ခဲ့မှုနဲ့၊ ပင်လယ်ငှက်ကြီးတွေ အန်ချပေးတဲ့ အမည်မသိ ငါးမျိုးစုံ လေးငါးကောင်နဲ့၊
ပင်လယ်ကို မရောက်ဖူးတဲ့ မသိမှု အစိတ်သားနဲ့၊ ကြိုးကြာ ရေမသောက် ဆိုတဲ့ ဂါထာ တစ်ပိုင်းတစ်စနဲ့
ရေထဲမှာ မျောနေတာထက် ကုန်းပေါ်မှာ မျောနေတာက အဆိုးသားကလား
လေထဲမှာ မျောနေဖို့ရာ ရှဂေါလ်ရဲ့ပန်းချီကားတွေထဲ ခုန်ဝင်လိုက်ရ
စိတ်ကူးဆန်းကြယ်မှုတွေပါကွာ၊ သရုပ်မှန်လွန် အိပ်မက်တွေပါကွာ၊ ပဥ္စလှည့်တွေပါကွာ၊
ဟုတ်ယောင်ထင်မှုတွေပါကွာ
ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ခြင်းအပြည့် သက်တံတွေ၊ ကြယ်တွေ၊ တံလှပ်တွေ၊ ဥတ္တရအလင်းတွေ၊ ညနေခင်းတိမ်တိုက်တွေ
"ဖေလှဝံ ပျားအုံထမ်းပါလို့ ..."
ကျွန်တော် မင်းကို လက်မထပ်နိုင်ခဲ့ဘူး
သင်္ဘောသားအိုကြီးလည်း ရောက်မလာခဲ့ဘူး
ကျိန်စာတွေနဲ့ ထုပ်ပိုးလျက်သားဖြစ်ပေမဲ့ အဲဒါ အချစ်ဆိုတဲ့အရာ ဖြစ်နေခဲ့တာ
သိလွန်းလို့ ခက်နေရတယ်တဲ့၊ အစ်မပြောဖူးတဲ့ စကားကိုသာ ဆိုင်ဆိုင် မဆိုင်ဆိုင် ကိုးကားလိုက်ရဲ့
ဒီအချိန်မှာ ပဋိအနုပညာထက် အရေးကြီးတာတွေ ရှိနေတယ်
မင်း စိတ်ကူးအတိုင်း အဲဒီ ဖွံ့ဖြိုးမှုလေ့လာရေးသင်တန်း တက်ပါ
မြို့တော်ကြီးနဲ့ ဝေးလှမ်းရာ သုံးလေးနှစ်တန်သည် သွားပါ
သာမန်ပြည်သူတွေရဲ့ဒုက္ခနဲ့ သုခ တစ်ကျိုက်နှစ်ကျိုက်မက အတူကျိုက်ချပါ
အမှန်တရားလောက် ခါးတဲ့ ဆေးဝါးဆိုတာ မရှိတော့ပါဘူး
ဘဝတွေမျောတာကို ဘဝနဲ့ပဲ လိုက်ခဲ့ရ



mgyoe.com

အဲလ်ဘာ့ထရော့စ်ငှက်ကြီးကို ပစ်ချခဲ့တဲ့ ငမိုက်သားတွေ သင်္ဘောပျက်ကိန်းဆိုက်တော့တယ်
သူတို့ခမျာသာ အကုသိုလ်နဲ့ မျောခဲ့၊ အကုသိုလ်နဲ့ လက်ပစ်ကူးခဲ့
သိလွန်းလို့ ခက်နေရတယ်
မဆုံစည်းခင် ခဏတာလေးလို့ မှတ်ပါ
အရေးကြီးတဲ့အချိန်တွေပဲလို့ ယုံကြည်ပါ
လေထဲမျောလွင့်ချင်စိတ်ပေါက်လာရင် ကျွန်တော့်ကဗျာတွေထဲ ခုန်ဝင်လိုက်ပါ
ညကိုးနာရီ ကိုးမိနစ်မှာ ညစဉ် ဝေနေယျသတ္တဝါ(နဲ့ မဝေမနေရ ကျွန်တော့်ကို) မေတ္တာပို့ အမျှဝေပါ
ပင်လယ်ငှက်ကြီးတွေက ငါး လေးငါးကောင် အန်ချပေးလိမ့်မယ်
ဆုံဆုံ မဆုံဆုံ သင်္ကန္တလာလေးကို မေ့မပစ်လိုက်ပါဘူး
ကျွမ်းထိုးမှောက်ခုံဖြစ်ခဲ့တဲ့ ကြမ္မာဆိုးကို မေ့မပစ်လိုက်ပါဘူး
သစ္စာပန်းများနဲ့ မေလကို မေ့မပစ်လိုက်ပါဘူး
ကတိကဝတ်တို့ ကမ်းကပ်မယ့် အချိန်ကို မေ့မပစ်လိုက်ပါဘူး။

၂၀၀၉၊ ဖေဖော်ဝါရီ ၂-၃



mgyoe.com

mgyoe.com

## မုန်တိုင်းအောက်မှာ သွပ်တွေဟာ တကြွပ်ကြွပ် ထအော်လို့

ခေါင်မိုးပေါ်က သွပ်တွေ လေရိုက်တိုင်း တကြွပ်ကြွပ် အော်နေတာ
မျက်နှာကြက်ပေါ် ကပ်နေတဲ့ အိမ်မြှောင်တွေ စုတ်ထိုးနေတာ
ဖွင့်လိုက်သမျှ ရုပ်သံလိုင်းထဲမှာ ကြော်ငြာ မင်းသမီးလေးဟာ ယောက်ျားရယ်
ကမ္ဘာပေါ်မှာ ဟောဒီ သွားကြားထိုးတံက အကောင်းဆုံးပါပဲလို့ ချွဲပစ်ပစ် ပြောနေတာ
အိပ်ဆေး နှစ်ပြားလောက် ပါးစပ်ထဲ ပစ်ထည့်လိုက်ရတာ
နောက်တစ်နေ့မှာ ဖရွိုက်ဒ်နဲ့ တွေ့ဖို့ သွားရတော့တာ
ကျွန်တော့် တိုကင်နံပါတ်က ၃၈
ကျွန်တော့်ရှေ့က ထိုင်စောင့်နေတဲ့ အဲဒီ ၃၈ နှစ်လောက် မိန်းမတစ်ယောက်ကလည်း တင်ပါး ခပ်ကြီးကြီးပဲ၊
အင်း ဆိုပါတော့ ၃၈
"သေအောင်သာ လွမ်းလိုက်" တဲ့ ဝတ္ထုထဲက ၃၈ ယောက်မြောက် ရည်းစားရဲ့ပြောသံကို ကြားလိုက်ရသလို
မဟုတ်ဘူး ကျွန်တော် ဘိုကေးရှိုး ပုံပြင်တွေကို ၃၈ ခါ ဖတ်ဖူးတယ်ဆိုတဲ့ ကဗျာဆရာနဲ့ စကားပြော အဆင်မပြေခဲ့သလို
အသက် ၈၃ နှစ်မှာ အနားမယူသေးတဲ့ ကယ်ဆယ်ရေးလုပ်သားအိုကြီးနဲ့ ညနေတိုင် ဘီယာနည်းနည်းမော့ရင်း ထိုင်ဖြစ်သလို
သူ့ရဲ့လက်မောင်းကြွက်သားတွေက ပုံဆိုးပန်းဆိုး တွဲမကျသေးတာ အသေအချာ
သူ့လမ်းလျှောက်ပုံကတော့ တုံ့ဆိုင်း တုံ့ဆိုင်းနဲ့ သိသာလွန်းနေတာ အသေအချာ
သူ ကမ်းပေါ်ကနေ လှိုင်းတွေကြားကို လူငယ်လေးတစ်ယောက်လို ဒိုင်ဗင်ထိုးချလိုက်တဲ့အခါ ...
အဲဒီလို မစဉ်းစားခင် ငါးမန်း ၃ ကောင်တွေ့လိုက်ရတယ်ဆိုတဲ့ သတင်းမဖြစ်မီဘဲ ပင်လယ်ကြီးက ငါးမန်းဖြစ်နေခဲ့တာ သတိပြုဖို့
ဟိုတယ်တွေက တရားရိပ်သာတွေလို ဆိတ်ငြိမ်နေတာ အတော်ကြာပြီဆိုတာ အမှတ်ရဖို့
"မစ္စတာဖရွိုက်ဒ်၊ အဲဒီကယ်ဆယ်ရေးလုပ်သားအိုကြီးက ကျွန်တော့်အိပ်မက်ထဲမှာ ဂေးတစ်ယောက်ဖြစ်ဖြစ်နေတာ"
ဘိုကေးရှိုးပုံပြင်တွေ ဖတ်တဲ့ ကဗျာဆရာက သစ္စာမောင်နံ့ ဆိုတဲ့ ကဗျာစာအုပ်ထုတ်ဝေဖို့ စီစဉ်နေတဲ့အကြောင်း
ကျွန်တော့်ရှေ့က အဲဒီ မိန်းမ ၃၈ ကြီးက မစောင့်နိုင်တော့ဘဲ ပြန်သွားတယ်ဆိုတဲ့ အကြောင်း
ခင်ဗျားကော ကုစန်းစိတ်ပညာကို ဘယ်လို သဘောရသလဲ
အသက် ၂၂ နှစ်ပြည့်တော့မှာဖြစ်တဲ့ မိန်းမပျိုတစ်ယောက်အကြောင်းကို ဘယ်လို သဘောရသလဲ
(အသက် ၂၈ နှစ် ရှိပြီ ဖြစ်သော မိန်းမတစ်ယောက် * ကို မဆီမဆိုင် ရောထွေး မပြောလိုက်နဲ့နော်)
နို့ မြန်မာပြည်မှာ နော်ဗယ်သေပြီဆို
အဲဒီ မိန်းမပျိုရဲ့ရမ္မက်အကြောင်း၊ လိင်စိတ်အကြောင်း၊ စကီဇိုဖရီးနီးယား ဆန်ဆန် အပြုအမူတွေအကြောင်း၊ မကြားဝံ့ မနာသာ အမနာပ အတင်းအဖျင်းတွေအကြောင်း၊ ဂုဏ်သတင်းတွေ ချို့နေပေမဲ့ သူဟာ ရှင်သန်ဆဲ ဆိုတဲ့အကြောင်း၊ မျက်နှာလေးကို ခပ်မော့မော့ ထားနေတယ်ဆိုတာ ကရုဏာသက်စရာ တစ်မျိုးပဲ ဆိုတဲ့အကြောင်း၊ နေပါဦး တကယ့် အပြင်လောကထဲက မိန်းမတစ်ယောက်အကြောင်း ပြောနေတာလို့ ထင်နေပုံလား

---

* နုနုရည်(အင်းဝ)ရဲ့နော်ဝယ်တစ်ပုဒ်



mgyoe.com

"မစ္စတာဖရိုက်ဒ်၊ ကျွန်တော့်အိပ်မက်ထဲ အဲဒီ အသက် ၂၂ နှစ်ပြည့်တော့မှာ ဖြစ်တဲ့ မိန်းမပျိုလည်း အမြဲ ပါတယ်"
ကျွန်တော် အိပ်မက်ထဲမှာ အမြဲ ရှိုက်ကြီးတငင် ငိုကြွေးရတယ်။ ဟုတ်တယ်၊
နိုးလာတဲ့အခါ မျက်လုံးထဲမှာ မျက်ရည်တွေ စိုစွတ်လို့
wet dreams!
စိုစွတ်သော အိပ်မက်ပဲလို့ ရယ်စရာ မပြောပါနဲ့ဗျာ
ကယ်ဆယ်ရေး အစောင့်အိုကြီးဟာ ပင်လယ်အစပ်မှာ ချယ်လိုတယောကြီးနဲ့ ရပ်လို့
မိန်းမပျိုလေးကြားအောင် သစ္စာထား တေးသွားတွေ ဖွဲ့လို့
သစ္စာမောင်နံ့ ကဗျာစာအုပ်ထဲပါမယ့် ကဗျာတွေ ရွတ်လို့
ဟုတ်တယ်လေ၊ အစမှာ ခေါင်မိုးပေါ်က သွပ်တွေ
လေရိုက်တိုင်း တကြွပ်ကြွပ် အော်လို့။

၂၀၀၉၊ မေ ၂၁

mgyoe.com

## အဝါရောင်ပင်လယ်နဲ့ အနက်ရောင်ကမ်းခြေ

သဲကန္တာရထဲ ခုတ်မောင်းရတယ်ဆိုတာ အဝါရောင်တွေထဲ တတိတိ ခေါင်းထိုးဝင်တာပဲ မဟုတ်လားလို့ စူးစမ်းတတ်တဲ့ ကလေးမ ပိန်ပိန်လေး တစ်ယောက်က မေးဖူးတယ်။ သူ သဘောပေါက ခုန်ဆင်းခဲ့တာ ရေထရက်။ ဒီရေတွေနဲ့ ရောင်ကိုင်းနေတဲ့ အိပ်ရာတစ်ခုပေါ် သူကျသွားတော့ အနက်ရောင် အစက်တစ်စက် ပေါ်လာရဲ့။ ခု မင်း ကမ်းထိပ်မှာလား၊ ဝဲခြေမှာလား။ ကိုယ် သံလိုက်ဓာတ်ခန်းသွားတဲ့ အိမ်မြှောင်နဲ့ပဲ ဆက်နင်နေတုန်း။ ကြယ်တွေကို သိတဲ့ မှတ်ဉာဏ်တွေလည်း အညိုထူထူ ဖုံးခဲ့ပေ့ါ။

လပြည့်တစ်ညမှာ ခလောက်မြွေလေးကောင်ရဲ့ ဂီတရှာ အမြီးလေးချောင်းက အချက်ပြမှန်လေးချပ်လို ကကြိုး ရှိုးရှိုး တစ်ခု တင်ဆက်ခဲ့။ ရွှေလက်ကယ် ကိုင်ကာ ဆိုတဲ့ သီချင်းကြီးတစ်ပိုဒ်ကို ထပ်ထပ်ကြော့ခဲ့ရတဲ့ ရက်တွေ သတိရတယ်။ ဒုတိယမ္ပိ သတိရတယ်။ တတိယမ္ပိ သတိရတယ်။ သူ့ရဲ့လက်ခုံဝင်းဝင်းအိအိပေါ်မှာ မြွေဆေးထိုးထားတဲ့ အစိမ်းရောင် အစက် သုံးစက်က ဂမ္ဘီရသီချင်း တစ်ပုဒ်ကို ဆိုပြဖူးရဲ့။ နောက်ဆံမတင်းဖို့ လုံလောက်တယ်ဆိုတာ မသေချာဘူး ချစ်သူ။ မုရကမိ ရဲ့ နောက်ဆုံးထုတ် နော်ဗယ်က "ကမ်းခြေက ကာဖကာ"တဲ့။ သတင်းမဂ္ဂဇင်း တစ်စောင်ရဲ့ စာအုပ်ခန်းမှာ တွေ့လိုက်ရ၊ ဇန်နဝါရီ ၁၇၊ ၂၀၀၅။ (ငါတို့က စာအုပ်တွေ မဖတ်ဘဲ စာအုပ်ခန်းတွေကို ဖတ်ကြ၊ အရေးတကြီးလေသံတွေနဲ့ ငြင်းခုံတမ်းကစားတတ်ကြ၊ အများဆိုင် စာမျက်နှာတွေပေါ်မှာ။)

ထူးဆန်းတဲ့ ခရီးတစ်ခုပါ။ တိုကျိုက ဆယ်ငါးနှစ်သား အိမ်ပြေးလေးရယ်၊ ကြောင်တွေနဲ့ စကားပြောတတ်တဲ့ အဘိုးကြီးတစ်ယောက်ရယ်ကို အသက်ကယ်ဖောင် ချပေးလိုက်ရဲ့။ ကိုယ် လာမယ့် ဧပြီလ ၂၈ရက် ညနေ ၅နာရီ ၁၇ မိနစ်တိတိမှာ အဲဒီကမ်းခြေကို ကပ်မယ်။ ရက်ရက်စက်စက် အဝါရောင်ထဲမှာပဲ ခုတ်မောင်းခဲ့မှာ။ ကာဖကာ ရှိမနေလည်းဖြစ်ပါတယ်။ မြို့မငြိမ်းနဲ့ ရွှေမန်းတင်မောင်ရှိရင် လုံလောက်ပြီ။

၂၀၀၅၊ ဖေဖော်ဝါရီ၆



mgyoe.com

mgyoe.com

## အရှုံးတစ်ခု ဝင်ဆောင့်ခဲ့ပုံနဲ့ နောက်ဆက်တွဲလမ်းများ

အခေါင်းနဲ့ သေသေချာချာ ထည့်ပေးလိုက်ချင်တယ်
တကယ်က ခုနစ်လနဲ့ သူထွက်လာခဲ့တာပေါ့
သူ့လည်ကို သုံးပတ်ပတ်ထားတယ်ဆိုတဲ့
အချင်းအခွေအရစ်တွေက မနီလာကြိုးထက် ခိုင်ခံ့ခဲ့သလား
သန့်စွမ်းတဲ့ ဆံပင်မည်းမည်းလေးတွေ ကျွန်တော်က မြင်လိုက်ရတယ်
သူ့အမေက သူ့ခေါင်းတံတွေကနေ တွေ့လိုက်ရတယ်တဲ့
အခါက မကောင်းတဲ့အချိန်၊ အဲဒီ သားဖွားရုံပေါ်ကနေ တစ်ခါတစ်ခါ သေနတ်သံတွေ ကြားနေရတုန်း
တို့နှစ်ယောက် အိမ်ပြန်ခဲ့တာ လက်ဗလာနဲ့
ဘီ ၆၀၀ အငှားကား အပြာရောင်လေးနဲ့
ဒါပေမဲ့ သူကတော့ နနွင်းတွေ ဝါထိန်အောင် လူးခဲ့ရသေးရဲ့
အတူတူဆုံးပေမဲ့ သူ့အရှုံးက ပိုသည်းခဲ့ပေါ့၊ အဲဒီမျက်နှာလေး ပြန်မြင်ယောင်မိတဲ့အခါ
ပိုပြီး ခက်လာတဲ့ အချိန်တွေမှာ ပိုပြီး ခဲလာတဲ့ ငါ့နှလုံးသားဟာ နွေးပျော်ချင်ခဲ့
စိတ်ကူးထဲ အကြိမ်ကြိမ်ခေါ်မိခဲ့ပေမဲ့ ငါ့နှုတ်က
တစ်ကြိမ်လေးမှ ဖွင့်ဟ ခေါ်ခွင့် မရလိုက်တဲ့ သမီး
မင်းကို ဆီးကြိုတဲ့ ညက ဘယ်လိုမှ ဖစ်တပ်မရတဲ့ အနွေးထည်နဲ့ လရောင်အောက် ချွေးပြန်ခဲ့ရတာပ
တံခါးဝကနေ ပြန်လှည့်သွားခဲ့လေသူ
မြစ်အတွင်းမှာ ချာလည်ချာလည် မျောပါသွားတဲ့ အိုးကလေး
နှစ်ပေါင်း နှစ်ဆယ် ကြာခဲ့ပြီလေ၊ ကလေး
မင်းပဲ မှန်ခဲ့လေသလား၊ ငါ မကြာပါဘူး ဟိုဆရာကြီးကို တုလို့
မအောင်မြင်မှု ငွေရတုစာတမ်း ရေးရ ဖတ်ရတော့မှာကို
ငါ့လည်ကို ပတ်ထားတဲ့ မနီလာကြိုးက ၃၃ ရစ်
ငါ အလွတ်ခုန်ဆင်းလိုက်ရတော့မယ် တစ်နာရီ ကီလိုမီတာ ၂၀၀ နှုန်းနဲ့



mgyoe.com

ခွေးသေ၀က်သေ သေရစ်လို့မအောက်မေ့လိုက်ပါနဲ့
တကယ်တမ်း တစ်လမ်းတည်း ရှိကြတဲ့အခါ
တကယ်တမ်း ရွေးချယ်ခွင့်တို့ မပွင့်လန်းတဲ့အခါ
ခွန်အားကြီး အသိသာတဲ့ ဆင်ကြီးတွေလည်း ကျုံးထဲ ၀င်ကြရပေတယ်
တကျိုကျို အော်သံတို့ တစာစာ ပျံတက်တဲ့အခါ
အမြင့်ဆုံး ကိုင်းဖျားက နားနေတဲ့ ငှက်ကလေး တုန်လှုပ်ခဲ့သလို
ကျွန်တော့်သမီးကလေးဟာ တစ်နေရာရာကနေ ကြည့်နေ သိနေ ခံစားနေမလား
အခေါင်းနဲ့ သေသေချာချာ မထည့်ပေးလိုက်ရဘူး
မည်ကာမတ္တနဲ့ မမည်ကာမတ္တ ရှာပနတွေ
ငါတို့ရဲ့ဘ၀တွေ ဘ၀တွေ ဘ၀တွေထဲ
ဖြတ်ကြ ဖြတ်ကြ ဖြတ်ကြရတုန်းပါပဲ။

၂၀၀၉၊ မေ ၂၃



mgyoe.com

mgyoe.com

## ကဗျာဆရာရဲ့ဘဝဇနက်အကြောင်း စကားစပြည့်

သူငယ်ချင်း၊ ငါ့လုပ်ငန်းအခြေအနေလား
တစ်သမတ်တည်း မဟုတ်ခဲ့တောင်
ရှန်းထွက်မရ ပူးတုံ့ခွာတုံ့ ကဗျာဆရာပါပဲ
အခုထိ အလေးအနက် လုပ်ပါတယ်
နိုင်ငံကို မရေးရရင်
ကမ္ဘာကို မရေးရရင်
တံမြက်စည်း အစုတ် တစ်ချောင်းလို
ခွေးကတက်ကျဉ်းကျဉ်းလေးကိုပဲ လှည်းကျင်းပြီး
ရှိုးရှိုးရှင်းရှင်း ရပ်နေရမလား
ပန်းပွင့်ကလေးတွေ ငှက်ကလေးတွေလောက်နဲ့တော့
ငါ တကယ်ကို ရပ်မနေနိုင်ဘူးနော်
နေလုံးကြီးကို ချစ်သလို နေရောင်အောက်က နိုင်ငံကိုလည်း ငါချစ်ပါတယ်
အဲဒီနိုင်ငံကို မေတ္တာသုတ်တစ်ပုဒ်လုံး
ပုဒ်မပါမကျန်အောင် ကျုံးရုံးပို့ပြီး ချစ်နေတဲ့ ပြည်သူတွေကိုလည်း
ရင်ခုန်မဆုံးအောင် ငါ ချစ်ခဲ့ပေါ့
ဒီမှာ၊ ငါ လေးတန်းနစ်လောက်မှာ
ငါ့အမေလယ်သူမကြီး တိုင်းအဆင့် ဂုန်လျှော်ဆုတ်ပြိုင်ပွဲမှာ ဆုရခဲ့ပြီး
ငွေနား ဥစားကြက်ကြီး တစ်စုံပွေ့လို့ ပြန်လာဘုန်းက ပျော်ရတဲ့အရသာ
ငါ မမေ့သေးဘူး
ကိုယ့်အမေရဲ့နာမည်ကို ဂုဏ်သိက္ခာနဲ့၊ အောင်မြင်မှုနဲ့ တူတူတန်တန် ဖတ်ရဖို့ ဆိုတာ
ငါအခုလည်း လန်ဒန်တိုင်းတွေ၊ နယူးယောက်တိုင်းတွေ၊ ဟာရဲလ်ဒ်ထရီဗြွန်းတွေ၊ အဆာဟိ ရှင်ဘွန်းတွေ
အင်တာနက်ထဲက ဆွဲဆွဲချပြီး
စာမျက်နှာတွေ ဖွဖွနေရတာပဲ
မဟာသမ္မဝပဲဖြစ်ဖြစ်၊ စူဠာသမ္မဝပဲဖြစ်ဖြစ်
ဖေဒါရီရဲ့ရေဘူးကို ချဲ့ခဲ့တဲ့ အဖြစ်ကတော့ ချစ်စရာပဲကွာ
ဒီမှာ ငါ့ကောင်၊ မင်းလည်း
၂၂ နှစ်သား ကျောင်းဆရာပေါက်စဘဝကနေ ၅၆ နှစ်အရွယ် ကျောင်းအုပ်ကြီးဘဝအထိ
ဝါးလုံးခေါင်း ဘယ်လောက် ကျယ်ပြန့်အောင် ချဲ့ခဲ့သလဲ
နွားခြေရာခွက် ဘယ်မျှ စမ်းရေအိုင် ဖော်ခဲ့သလဲ



mgyoe.com

mgyoe.com
လောကဓာတ်တစ်ခွင်လုံးမှာ လရောင်က ဖြာကျလို့
ကျယ်ပြောတဲ့ ကြာပင်အိုင်ကြီးထဲ ဖားသူငယ်က ခုန်ချလို့
ဗသျှိုးမဟုတ်တဲ့ ငါက အဲဒီ ပလုံသံကဗျာကို ရေးချင်လှပေါ့
အင်းပ
ပန်းပွင့်ကလေးတွေ ငှက်ကလေးတွေလောက်နဲ့တော့
ငါတကယ့်ကို ရပ်လို့ မရဘူးလေ
မင်းလည်း တပည့်ကျောင်းသားတွေရဲ့နက်ဖြန်ကို ကြည်လင်အောင်ရေးကွာ
သူတို့ရဲ့ဥယျာဉ်ကို ဘယ်ခါမှ ခြံမခတ်စတမ်း
ငါကလည်း လဆိုရင် အဆုံးမရှိကောင်းကင်ထဲက လနဲ့
ရေပြင်ဆိုလည်း ကမ်းမရှိသလို ထင်ရတဲ့ ပင်လယ်ထက် မလျော့စတမ်း
ငါ့ရဲ့လုပ်ငန်းအခြေအနေလား
စီးပွားပျက်ကပ်ဆိုတာတွေက ငါ့အလုပ်နဲ့ မိုင်ခပ်ဝေးဝေး
ငါမွေးရဖို့က အမေ့နလုံးအိမ်သွေးလွှတ်ကြောမထဲက
ဆို့နေတဲ့ သွေးတုံးသွေးခဲလေးတွေရဲ့ကိစ္စပါပဲ
သမ္ဘဝညီနောင်ရဲ့အလုပ်ထက် အများကြီး သိမ်မွေ့ပြီး
အတော်လေး ဆင်ဆင်တူခဲ့
အခက်အခဲတွေ ဇယားချမနေတော့ဘူးသူငယ်ချင်း
ကိုယ်ဆွဲမိတဲ့ အစနဲ့ ကိုယ်ပဲ။

၂၀၀၉၊ မေ ၂၂



mgyoe.com

## တက်ကြွလှုပ်ရှားသူလား ကဗျာဆရာလား

ကာဗွန်ငွေကြေး စုဆောင်းကြဆိုလား စာတန်းပါ တီရှပ်ကို လူကြားသူကြားဝတ်လို့
တစ်ခါတစ်ခါ သူ့စာတန်းက လိင်လုပ်သားများ နိုးကြားလော့၊ အေအိုင်ဒီအက်စ် ရပ်ဆိုင်းလော့ ပြောင်းဝတ်တယ်
အစိမ်းရောင်ပါတီထဲတော့ မဝင်ဘူး၊ ဒါပေမဲ့ သစ်ပင်စိုက်ပွဲတွေ မှန်မှန်လိုက်တယ်
စိမ်းမြလက်ာရေးဖို့တော့ စိတ်က မလာဘူးတဲ့၊ ဒါပေမဲ့ ကျွန်တော် မင်းကိုချစ်တယ် ကဗျာတွေ ရေးမိတုန်း
စကားလုံး အမြောက်အမြားသုံးတဲ့ သူတွေကို သိပ်မုန်းတဲ့အကြောင်း ကဗျာအရှည်ကြီးတွေ တာဝန်ယူရေးလို့
အနည်းဆုံးဝါဒီ ယောင်ယောင်တွေကလည်း လူးကာလဲကာ ကဗျာလုပ်နေတဲ့ လူလည်ကြီးတစ်မျိုးတွေပါပဲတဲ့
ပိုစတာတွေကို မကြိုက်တတ်သလို အပိုလင်္ကာတွေကလည်း အခိုက်အတန့်သုဉ်းနေတာပါဆိုပြီး ကဗျာသုဉ်းသူည သုဉ်းသုံးဝဖြင့်
ကဗျာသုဉ်းမှုဖြင့် အမှန်မှာ သုဉ်းသုံးဝ ကပ့်ါမလား
ဒါကြောင့်ပဲ လေဒီပြန်လာတဲ့နေ့က ရွှေဂုံတိုင်လမ်းမပေါ်မှာ လူပင်လယ်ထဲ သူ ခြေဖျားထောက် ရပ်ခဲ့
ကျွန်တော်တို့လည်း ရင်ခုန်စွာ ပျံသန်းကြတယ် အာကာခွင်ဝယ် ငါလျှင်လွတ်လပ် လှည့်လည်ပတ်အံ့
မြစ်ကြီးရေဟာ ရေမအကျပ်အတည်းနဲ့ ကြုံရပေါ့ ခရီးစက်ကိုလှည့်လို့
မိုးကြိုးလောင်မီးစက်မြည်သော အသံကဲ့သို့
လူ၊ တိရစ္ဆာန် သတ္တဝါ နတ် ဗြဟ္မာအပေါင်း ကြားသိရအောင် ကိုယ်ထင်ပြ ဟစ်အော်ကြွေးကြော်လို့
ရင်ဘတ်ထဲ မသိနယ်မြေ ဇာတိမှတ်ကို တုန်ခတ်ဆွတ်ကျင်စေရင် အချစ်ကဗျာတွေ ခူးလို့
ကမ္ဘာထဲ မြေအနှံ့ ရင်ဘတ်နား အသားတစ်ပေါင်ကို ဖဲ့ချခံ ရက်စဉ်တွေမှာ အစိမ်းရောင်ကဗျာတွေ တူးကြ နှိုးဆော်လို့
ဝေါလမ်းမကို သိမ်းပိုက်ကြ စာတန်းပါ တီရှပ် ထုတ်ဝတ်တဲ့နေ့က မြန်မာ ဝေါစထရိဆိုတဲ့ ဂျာနယ် ထွက်လာတယ်
အံ့စရာပဲ၊ အဲဒါ မဂိုလမ်းလား၊ ဘုရင့်နောင် ပွဲစားတန်းလား၊ ယူအမ်အက်ဖ်စီစီအိုင် တည်ရာလမ်းလား
ဒီမှာ ရောဘတ် ဇီးလစ်ခ်လည်း မရှိ၊ ဘင် ဘာနန်ကေလည်း မရှိ
ရှစ်ဆယ့်နှစ်ကျပ်စားရဲ့ မူလအခြေအနေ ပြန်ရနိုင်စရာ သေချာမှုလည်း ရေရေရာရာမရှိ
မြစ်ဆုံကို အချစ်ပုံကြ ဆိုတဲ့ စတစ်ကာလေးတွေ လိုက်ကပ်ဖို့ ထပ်ရှိလာဦးမလား
ကဗျာဆရာက ယောင်ယောင်တက်ကြွလှုပ်ရှားသူ လုပ်နေပုံလို့ မျက်စိအပ်စူးတဲ့သူ
တစ်ယောက်နှစ်ယောက် ကပ့်ါမလား
အဲဒီထဲမှာ အငဲ့စိတ်နဲ့ ဟိုလမ်းပေါ်က ဝေဖန်ရေးဆရာ ဆိုသူ အကဲဆုံး နေမှာပ
ကဗျာဆရာ သစ်မွှေးတစ်ယောက်ကတော့ မိန်းမလှကျွန်းဘေးက ချောင်ကျကျ ကျွန်းကလေးတစ်ကျွန်းဆီ
ဒီရေတောတွေ စိုက်ဖို့ သွားပြီ၊ တိုင်းပြည်မှာ ဒီမိုကရေစီက အရေးကြီးသလို သစ်တောပြန်စိုက်ဖို့နဲ့ သဘာဝဝန်းကျင်
ရေးရာ သတိမူဖို့ကလည်း သိပ်အရေးကြီးနေပါတယ် တဲ့
မျက်နှာဘုတ်အုပ်ပေါ်ကနေ နှုတ်ဆက်သွားပြီး
ကဗျာဆရာဆိုတော့ ကဗျာ သုံး လေးငါးပုဒ်လည်း စိုက်မှာပေါ့
လူတစ်ယောက်ပါ ကမ္ဘာနာ ပျောက်လို ပျောက်ငြား သစ်ပင် တစ်ရာနစ်ရာ ဝင်စိုက်မှာပေါ့



mgyoe.com

mgyoe.com

မြန်မာဆိုတော့ မြန်မာလက်ဖက်ရည် ကြိုက်တာပေါ့လို့ ဟိုပန်းချီဆရာကြီး ကြော်ငြာထဲ ဝင်ပြောသလို မြန်မာဆိုတော့ မြန်မာဘီယာတစ်ခွက်တစ်ဂျား မြို့ပြလမ်းအစပ်နားမှာ လမ်းကျကျ ဆင်းသောက်ကြမှာပေါ့ အိပ်နေသလား ကိုကိုငှုန် ကဗျာဆရာဆိုတော့ နံနက်ခေါင်းလောင်းလည်း ထထပြီး ထိုးကြတာပေါ့။

၂၀၀၉



mgyoe.com

mgyoe.com

နွေဦးကို ...
နွေဦးနဲ့ ...
နွေဦးမှာ ..
နွေဦးသာ ...

၁

နွေဦးက နိုးလာတော့
ကျွန်တော် မခေါ်မချင်း ထမလာဘူးဆိုတဲ့သနပ်ခွာနဲ့
ဝဲဘက်နံတောင်း၊ ညာဘက်နံတောင်း လေးငါးခါ ပြောင်းပြီး
စောင်းစောင်းလေး ပြန်အိပ်တယ်
နွေဦးက နိုးလာတော့
တေးသွားတစ်ခုနဲ့ ဖုန်းခေါ်သံကြားပေမဲ့
နေထွက်ရာ မတူတဲ့ အရပ်က ရွှေပြောင်းအလုပ်သမားလေးဆီက ဖုန်းကို
ကျွန်တော်ပဲ တော်သလို ပြန်ဖြေလိုက်ရတယ်
နွေဦးက နိုးလာတော့
ကျက်သရေရှိပုံမရ ဒုက္ခဇာတ်ကနေရာ သစ်ရွက်ကြွေတွေကို
တံမြက်စည်းအဟောင်းတစ်ချောင်းနဲ့ ကျွန်တော် တပြောင်းပြောင်း လှည်းပြီးစပေါ့
နွေဦးက နိုးလာတော့
ကျွန်တော်အိမ်ရှေ့လမ်းမလေးကို ဖုန်သိပ်အောင် ရေဖျန်းပြီးပြီ
ဗာဒံပင်ရိပ်က ရေချမ်းအိုးလေးထဲ ရေဖြည့်ပြီးပြီ
နွေဦးက နွေဦးကျက်သရေကို ကျွန်တော်ထမ်းဖို့ အမြဲတမ်းနိုးဆော်ဖူးတယ်
ရေသန့်ကားကြီးတွေ ဘယ်နစင်းဖြတ်သွားသွား
စိမ့်ရေတွေရွှဲနေတဲ့ မြေနီအိုး ရဲရဲလေးက နွေဦးရဲ့အမှတ်အသားတဲ့
နွေဦးက နိုးလာတော့
ပိတောက်ရွက်စိမ်းစိမ်းတွေကြားက နေရောင်ခြည် လျှောဆင်းလာသလို
ကျွန်တော့်လက်မောင်းနစ်ဖက်ကြားကို လျှောဆင်းလာတယ်
နွေဦးက နိုးလာတော့
မနက်ခင်း စားပွဲလေးမှာ အသာဝင်ထိုင်
ကော်ဖီခွက်အဖုံးလေးကို ဖွင့်ပြီး ကော်ဖီနံ့လေးကို အရင်သောက်တယ်



mgyoe.com